Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



Network for Democracy and Development
Documentation and Research Department

P.O Box 179, Mae Sod, Tak, 63110, Thailand. Phone: +66 85-733 4303.
E-mail: ndddrd07@csloxinfo.com; ndddrd07@gmail.com

# Weekly Political Events Regarding the SPDC's Election (015/2010)

# နအဖရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့်တစ်ပတ်အတွင်း နိုင်ငံရေးအဖြစ်အပျက်များ (၀၁၅/၂၀၁၀)

၂၀၁၀ ခုနှစ်၊ မေလ (၂) ရက်နေ့မှ မေလ (၈) ရက်နေ့အထိ

## နအဖနှင့် ၎င်းလက်ကိုင်တုတ်အဖွဲ့အစည်းများ

- ရွေးကောက်ပွဲအောင်မြင်စွာ ဖြစ်ထွန်းရေးကို ပြည်သူလူထုမှပူးပေါင်းဆောင်ရွက်ကြရန် ကာကွယ်ရေးဝန်ကြီးဌာန ဒု–ဗိုလ်ချုပ်ကြီးအုန်းမြင့်က ချင်းပြည်နယ် ဖလမ်းမြို့နယ် ဖလမ်းမြို့၌ ယခုလ ၂ ရက်နေ့က တိုက်တွန်းပြောဆိုလိုက်သည်။ **(Mizzima 040510)** Read More...
- မီဒီယာများတွင် လက်ရှိအစိုးရကို "တပ်မတော်အစိုးရ" ဟု ခေါ်ဝေါ်သုံးစွဲခြင်းမပြုကြရန် လွှန်ခဲ့သည့် ၂၆ ရက်နေ့က ကာကွယ်ရေးဝန်ကြီးဌာန၏ မီဒီယာများ၊ ပြန်ကြားရေးဝန်ကြီးဌာန၏ သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြားဌာနများသို့ ညွှန်ကြားခဲ့ကြောင်း နေပြည်တော်ရှိ အရာရှိတစ်ဦးက ပြောသည်။ **(Irrawaddy 050510)** Read More...
- သင်္ကြန်ကာလ ရန်ကုန်ဗုံးပေါက်ကွဲမှုသည် စွမ်းအားမြှင့် မြန်မာကျောင်းသားစစ်သည်တော်များ **(VBSW)** လက်ချက်ဖြစ်ကြောင်းနှင့် တရားခံတစ်ဦးအား ဖမ်းဆီးရမိထားကြောင်း နအဖက ယနေ့ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ရဲချုပ်ခင်ရီက ပြောကြားလိုက်သည်။ **(NEJ 060510)** Read More...
- လာမည့် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိသော ပါတီများအား ၎င်းတို့ရှေ့လုပ်ငန်းစဉ်များ လှုပ်ရှားဆောင်ရွက်နိုင်ရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာ ကြေညာချက်များကို ယခုလ ၆ ရက်နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ **(KIC 070510)** Read More...
- သျှမ်းပြည်မြောက်ပိုင်း မူဆယ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းရာတွင် ပါဝင်စေမည့် သူများ၏ အမည်စာရင်းအား ဒေသခံအာဏာပိုင်များက ဧပြီလလယ်မှစတင်ကောက်ယူခဲ့ပြီး ၎င်းတို့၏ နောက်ကြောင်း ရာဇဝင်ဆိုင်ရာ အချက်အလက်များကို နေပြည်တော်သို့ ပေးပို့အစီရင်ခံရသည်ဟု ဆိုသည်။ **(S.H.A.N 070510)** Read More...
- ဧပြီလ ၃၀ ရက်နေ့က နမ့်ဆန် ပညာရေးမှူး ဦးသိန်းဟန်မှ နမ့်ဆန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၁၀) ခုရှိ ပညာရေးဝမ်ထားများကို စွမ်းရည်မြှင့်တင်ရေးသင်တန်းဟုအကြောင်းပြပြီး သင်တန်းတစ်ရပ်ပြုလုပ်ရာတွင် ရွေးကောက်ပွဲဆိုင်ရာ ကြည့်ကြပ်ရေးသင်တန်းနှင့်ပတ်သက်ကြောင်း ဒေသခံပညာရေးဝန်ထမ်းတစ်ဦးကပြောသည်။ **(Palaungland 080510)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## အတိုက်အခံအဖွဲ့အစည်းများ

### (က) ပြည်တွင်းအင်အားစုများ

- လွန်ခဲ့သည့် ဧပြီလ ၉ ရက်နေ့က လွတ်မြောက်လာသည့် ဘိုကလေးမြို့နယ် စည်းရုံးရေးအဖွဲ့ဝင် ဒေါ်မိမိစိန်နှင့် ကိုတက်ထွန်းတို့က သဃ်န်းကျွန်း NLD လူမှုအထောက်အကူပြုအဖွဲ့နှင့် ပူးပေါင်းပြီး အကျဉ်းကျခံနေရသည့် နိုင်ငံရေး တက်ကြွလှုပ်ရှားသူများ၏ မိသားစုများကို ယမန်နေ့က သွားရောက်အားပေးကူညီခဲ့ကြသည်။ **(RFA 020510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများနှင့် ပတ်သက်၍ မန္တလေး တိုင်းစည်းအဖွဲ့က မြို့နယ်အဆင့် NLD အဖွဲ့ဝင်များက ယနေ့ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ **(RFA 020510)** **Read More...**
- ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** အစည်းအဝေးကို ယနေ့နေ့လည်တွင် ကျင်းပပြုလုပ်ခဲ့ရာ **CRPP** နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** တို့က နိုင်ငံရေးအရ ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့ကြ သည်။ **(RFA 040510)** **Read More...**
- ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် **SNLD** ပါတီက စစ်အစိုးရကျင်း ပမည့် ရွေးကောက်ပွဲကို မှတ်ပုံတင်ခြင်းနှင့် ဝင်ရောက်ယှဉ်ပြိုင်ခြင်းအား ပြုလုပ်မည်မဟုတ်ကြောင်း ယခုလ ၃ ရက်နေ့က ဆုံးဖြတ်လိုက်သည်။ **(RFA 040510)** **Read More...**
- ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာမည့် လွှတ်တော်ထဲတွင် စစ်တပ်ကသာ လွှမ်းမိုးထားအောင် လုပ်ဆောင်နေမှုကြောင့် ပါတီငယ်များအနေဖြင့် ရွေးကောက်ပွဲမဝင်သင့်ဟု ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** က တိုက်တွန်း လိုက်သည်။ **(Mizzima 050510)** **Read More...**
- ၂၀၁၀ ရွေးကောက်ပွဲအား ဆန့်ကျင်ကြရန် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ **CRPP** က ပြည်သူလူထုကို ယနေ့ တိုက်တွန်းလိုက်သည်။ **(DVB 050510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုက ပါတီဆိုင်းဘုတ်များ မဖြုတ်ရန် ညွှန်ကြားထားသော်လည်း တနင်္သာရီတိုင်းရှိ မြို့နယ်အချို့တွင် ဒေသခံအာဏာပိုင်များ၏ ဖိအားပေးမှုကြောင့် ဆိုင်းဘုတ်များဖြုတ်ပြီး ရုံးခန်းများပိတ်ရတော့မည် ဟု တနင်္သာရီတိုင်းအဖွဲ့ချုပ် ဘဏ္ဍာရေးမှူးကပြောသည်။ **(DVB 050510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ရန်ကုန်တိုင်း မြို့နယ် ၁၄ မြို့နယ်မှ နိုင်ငံရေးအကျဉ်းသားများ၏ သားသမီးငယ် ၁၂၇ ဦးအတွက် လက်ကျန်ပါတီရန်ပုံငွေထဲမှ တဦးလျှင် ပညာသင်စရိတ် ၂၃၀၀၀ ကျပ်စီ ပေးအပ်သည့် အခမ်းအနား တစ်ရပ်ကို ယမန်နေ့က ရွှေဂုံတိုင်လမ်းရှိ ပါတီရုံးချုပ်တွင် ပြုလုပ်ကျင်းပခဲ့သည်။ **(Mizzima 060510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** က လွန်ခဲ့သည့် ဧပြီလ (၂၉) ရက်တွင် ဗဟိုတရားရုံးချုပ်သို့ တင်ထားသည့် လျှောက်ထားချက် နှစ်ခုစလုံးကို ဗဟိုတရားရုံးချုပ်က ယမန်နေ့က ပယ်ချလိုက်ကြောင်း အဖွဲ့ချုပ်ပြောခွင့်ရ ရှေ့နေ ဦးဉာဏ်ဝင်းကပြောသည်။ **(NEJ 060510)** **Read More...**
- နအဖကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည် ထောင်စုမြန်မာနိုင်ငံ) အဖွဲ့က ကျောင်းသားသမဂ္ဂများ၏ တရားဝင်အလံဖြစ်သည့် ခွပ်ဒေါင်းအလံကို သုံးစွဲသဖြင့် ကန့်ကွက်ရှုတ်ချကြောင်း အခြေခံပညာကျောင်းသားများသမဂ္ဂ (အကသ) နှင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသား သမဂ္ဂများအဖွဲ့ချုပ် (ဗကသ) က ယနေ့ ကြေညာချက်တစ်ရပ်ထုတ်ပြန်လိုက်သည်။ **(NEJ 060510)** **Read More...**
- ရွေးကောက်ပွဲကို သပိတ်မှောက်ရန် သဘောမတူခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်အချို့က ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်းနှင့် ပါတီအမည်ကို "အမျိုးသားဒီမိုကရေစီအင်အားစု **(National Democratic Force)**" ဟု အမည်ပေးမည်ဖြစ်ကြောင်း ၎င်းအဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာသန်းငြိမ်း ကပြောသည်။ **(Irrawaddy 060510)** **Read More...**
- ရောဝတီတိုင်း မော်ကျွန်းမြို့နယ်ရှိ ကျေးရွာ ၂ ရွာတွင် ကျပ်သိန်း ၄၀ ကျော် တန်ဖိုးရှိ စက်ရေတွင်း ၂ တွင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယခုလ ၅ ရက်နေ့တွင် သွားရောက်လှူဒါန်းခဲ့သည်။ **(Mizzima 060510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် မြို့နယ်ရုံး ၂ ရုံးဖြစ်သည့် မန္တလေးတိုင်း မတ္တရာမြို့နယ် **NLD** ဥက္ကဋ္ဌ ဦးခင်မောင်သန်း နေအိမ်၌ တင်ထားခဲ့သောဆိုင်းဘုတ်ကို ယနေ့နံနက်ပိုင်းက ဖြုတ်ချခဲ့ပြီး ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက် ၂၃ လမ်းရှိ ပဲခူးမြို့နယ်စည်း ဥက္ကဋ္ဌ ၏ အိမ်နံပါတ် ၉၂ နေအိမ်မှ ဆိုင်းဘုတ်ကို ယမန်နေ့ကဖြုတ်ချခဲ့သည်။ **(Mizzima 060510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ယနေ့သည် ပါတီ၏နောက်ဆုံးရက်ဖြစ်သော်လည်း ရန်ကုန်အဖွဲ့ချုပ်ဗဟိုရုံးကို ဆိုင်းဘုတ်လည်းမချ ပါတီအလံလည်း မချဘဲ ရုံးအားဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဖွဲ့ဝင်များအားလုံး ညီညီညွတ်ညွတ် နှင့် လက်တွဲလုပ်ဆောင်ကြရန် ပါတီ ဒု-ဥက္ကဋ္ဌ ဦးတင်ဦးကပြောသည်။ **(DVB 060510)** **Read More ...**
- “ကမ္ဘာမကြေဘူး၊ ငါတို့သွေးနဲ့ ရေးခဲ့ကြတဲ့ မော်ကွန်းတွေ” ဟု လူငယ်များက သံပြိုင်သီဆိုလိုက်ချိန်တွင် ကြက်သီးတဖျန်းဖျန်း ထမိသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **(NLD)** စည်းရုံးမှူး တစ်ဦးဖြစ်သူ ကိုသန်းအောင်က ယခုလ ၆ ရက်နေ့က ကြုံတွေ့ခဲ့ရသည့် ရန်ကုန်မြို့ **NLD** ရုံး၏ နောက်ဆုံးနေ့မြင်ကွင်းကို ပြောပြသည်။ **(Irrawaddy 070510)** **Read More...**
- ပါတီသက်တမ်းကုန်ဆုံးပြီဖြစ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးအပါအဝင် ပါတီဝင်များသည် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ပါတီရုံးချုပ်နေရာတွင် ယနေ့ ဆက်လက်၍ ရုံးတက်ခဲ့ကြသည်။ **(Mizzima 070510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်ဟောင်းတချို့ ပါတီသစ်တစ်ရပ် ထူထောင်ခြင်းသည် သူတို့၏ အခွင့်အရေးတစ်ရပ်ဟု ယူဆကြောင်း လက်ရှိအဖွဲ့ချုပ်ခေါင်းဆောင်များက ပြောသည်။ **(VOA 070510)** **Read More...**
- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် စစ်အစိုးရ၏ ဥပဒေများအရ ပါတီရပ်တည်ခွင့် မရှိတော့သည့်နောက်ပိုင်းတွင် **Party Politics** ဟုခေါ်သည့် ပါတီနိုင်ငံရေးမလုပ်တော့ဘဲ **Body Politics** ဟုခေါ်သည့် လူထုနိုင်ငံရေးအား လုပ်သွားမည် ဖြစ်ကြောင်း အဖွဲ့ချုပ်ခေါင်းဆောင် တစ်ဦးဖြစ်သည့် ဦးဝင်းတင်ကပြောသည်။ **(RFA 070510)** **Read More...**
- ယခုလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည့် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Kurt Campbell** သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်များနှင့် ယခုလ ၁၀ ရက်နေ့၌ တွေ့ဆုံရန်ရှိကြောင်း ယခင်ပါတီပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကပြောသည်။ **(DVB 080510)** **Read More...**

## (ခ) တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများ

- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အနီးရှိ ဝေါလေဒေသတွင် အခြေစိုက်ထားသည့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** တပ်ရင်း (၂၀၁) လှုပ်ရှားနေသောဒေသကို မကြာမီတွင် နအဖ တပ်များထပ်မံထိုးစစ်ဆင်ရန် စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေကြောင်း ကရင်တပ်မှူးတစ်ဦးကပြောသည်။ **(NEJ 030510)** **Read More...**
- **MNDA** ခေါ် မွန်အမျိုးသားကာကွယ်ရေး တပ်ဖွဲ့ဟု အမည်ပေးထားသည့် မွန်ပြည်သစ်ပါတီ ခွဲထွက်တပ်ဖွဲ့တစ်ဖွဲ့သည် ရေး-ထားဝယ် ကားလမ်းပေါ်ရှိ အလယ်စခန်း ကျေးရွာ ပြည်သူ့စစ်စခန်းနှင့် ကျေးရွာရယက ဥက္ကဋ္ဌ နေအိမ်ကို လွန်ခဲ့သည့် ဧပြီလ ၃၀ ရက်နေ့က ဝင်ရောက်တိုက်ခိုက်ခဲ့ရာတွင် ရယက ဥက္ကဋ္ဌ၏ မိသားစုဝင်တစ်ဦးနှင့် စစ်အစိုးရတပ်ဖွဲ့ဝင်တချို့ ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်း-မြန်မာနယ်စပ်အခြေစိုက် ကောင်းဝါ မွန်သတင်းဌာန အယ်ဒီတာ မင်းစိုင်းနွန်ဒေါကပြောသည်။ **(RFA 030510) Read More...**
- ကရင်အမျိုးသားအစည်းအရုံး **(KNU)** လက်အောက်ခံ ဖာပွန်ခရိုင်အခြေစိုက် တပ်မဟာ (၅) ဒေသကို စစ်အစိုးရတပ်က ထိုးစစ်ဆင်မည့် သတင်းထွက်ပေါ်လာသည့် အတွက်ကြောင့် **KNU** ဘက်မှ စစ်ဆင်ရေးပြင်ဆင်မှုများပြုလုပ်နေပြီး အပြန်အလှန်စောင့်ကြည့်နေကြသည်။ **(NMG 040510)** **Read More...**
- **SSA** လွယ်တိုင်းလျဲန်းဌာနချုပ်နှင့် ဆွေးနွေးရန် နအဖမှ လျှို့ဝှက်စွာ ဆက်သွယ်ကမ်းလှမ်းခဲ့သည်ဆိုသည့် သတင်း (ဝ) တပ်ဖွဲ့ဌာနချုပ်၌ ပျံ့နှံ့နေခြင်းသည် လုံးဝအခြေအမြစ်မရှိကြောင်း **RCSS/SSA** ခေါင်းဆောင် စပ်ယွက်စစ်က ငြင်းဆိုလိုက်သည်။ **(S.H.A.N 060510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## (ဂ) ပြည်ပအင်အားစုများ

- အိန္ဒိယနိုင်ငံ မြို့တော်နယူးဒေလီအခြေစိုက် ချင်းကျောင်းသားများ သမဂ္ဂ **(Chin Students Union)** ညီလာခံကို မေလ ၁ ရက်နေ့က အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့သည်။ **(Khonumthung 030510)** **Read More...**
- မြန်မာနိုင်ငံ၏ အကြီးဆုံးနိုင်ငံရေးပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တရားဝင်ရပ်တည်ခွင့် ဖျက်သိမ်းခံရမည့်ကိစ္စတွင် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းအနေဖြင့် အလေးအနက်အရေးယူဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း ဗြိတိန်အခြေစိုက် မြန်မာ့အရေးလှုပ်ရှားမှုအဖွဲ့ **Burma Campaign UK** က ကြေညာချက်ထုတ်ပြန်ဝေဖန်လိုက်သည်။ **(RFA 070510)** **Read More...**

## အပစ်ရပ်အဖွဲ့အစည်းများ

## နယ်ခြားစောင့်တပ် အသွင်မပြောင်းရသေးသည့်အဖွဲ့များ

- ပြည်သူ့စစ်တပ်ဖွဲ့ အသွင်ပြောင်းရန် စည်းရုံးသိမ်းသွင်းခံလိုက်ရပြီဟု အများထင်မှတ်သည့် သျှမ်းပြည်တပ်မတော် အပစ်ရပ် ဗိုလ်ချုပ်လွယ်မောဝ်းနှင့်အဖွဲ့သည် သောင်မတင်ရေမကျ အခြေအနေ၌ ရောက်နေကြောင်း အပစ်ရပ် အသိုင်းအဝိုင်းနှင့် နီးစပ်သူတစ်ဦးကပြောသည်။ **(S.H.A.N 030510)** **Read More...**
- ဒီမိုကရက်တစ် ကရင်ဗုဒ္ဓဘာသာ တပ်မတော် **(DKBA)** တပ်ဖွဲ့ဝင် ရာပေါင်းများစွာသည် မြန်မာစစ်တပ်နှင့် မဟာမိတ် ဖွဲ့ထားခြင်းကိုဖျက်ကာ ထိုင်း-မြန်မာနယ်စပ်သို့ ဦးတည်ထွက်ခွာနေကြပြီး နအဖစစ်တပ်က နောက်မှ ထက်ချပ်မကွာ လိုက်နေသည်ဟု ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် **(KNLA)** သတင်းရပ်ကွက်မှဆိုသည်။ **(Mizzima 040510)** **Read More...**
- တြိဂံတိုင်းမှူး ဗိုလ်ချုပ်ကျော်မြိုးဦးဆောင်သော အပေါင်းအပါ (၂၀) ကျော်သည် ကား (၄) စီးနှင့် မိုင်းလားသို့ ဧပြီလ ၂၈ ရက်နေ့က သွားရောက်ခဲ့ပြီး မိုင်းလားတပ်ဖွဲ့ခေါင်းဆောင်အချို့နှင့် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စကို ထပ်မံသွားရောက်ပြောင်းဖြ တိုက်တွန်းခဲ့သည်။ **(S.H.A.N 040510)** **Read More...**
- မွန်တမျိုးသားလုံး သွေးစည်းညီညွတ်ကြရန် အချိန်တန်နေပြီဟု မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာက ယနေ့ကျရောက်သည့် မွန်နေပြည်တော် ဟံသာဝတီ အောက်မေ့ဖွယ်နေ့တွင် တိုက်တွန်းပြောကြားလိုက်သည်။ **(DVB 050510)** **Read More...**
- ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်အတွင်း **DKBA** တပ်မဟာ (၅) လက်အောက်ခံ တပ်ရင်းများသည် တပ်အင်အားစုစည်းမှုများ လုပ်ဆောင်သကဲ့သို့ နအဖ စကခ (၈)လက်အောက်ခံ တပ်ရင်းများလည်း တပ်အင်အား ဖြန့်ကျက်ထားကြောင်း **DKBA** တပ်မဟာ (၅) မှ တပ်မှူးတစ်ဦးကပြောသည်။ **(KIC 050510)** **Read More...**
- တိုးတက်သော ဗုဒ္ဓဘာသာ ကရင်တပ်မတော် **DKBA** ၏ ထိပ်ပိုင်းခေါင်းဆောင် အချို့ကြားတွင် နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးအပေါ် သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်နေကြောင်း **DKBA** တပ်မှူးများကပြောသည်။ **(Mizzima 060510)** **Read More...**
- နယ်ခြားစောင့်တပ် အသွင်ပြောင်းရေးကိစ္စ ဆက်လက်ဆွေးနွေးရန် မိုင်းလားတပ်ဖွဲ့အား ကျိုင်းတုံအခြေစိုက် တြိဂံဒေသစစ်တိုင်းရုံးက ဆင့်ခေါ်ခဲ့သော်လည်း မိုင်းလားတပ်ဖွဲ့က 'ဘာမှထူးခြားမှာမဟုတ်' ဟုဆိုကာ ထပ်သွားရောက်မဆွေးနွေးရန် ဆုံးဖြတ်လိုက်ကြကြောင်း အမည်မဖော်လိုသည့် ကျိုင်းတုံကားဆရာတစ်ဦးကပြောသည်။ **(S.H.A.N 060510)** **Read More...**
- နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးအတွက် အသွင်ပြောင်းရေးလုံးဝလက်မခံသည့် မြောက်ပိုင်း အပစ်ရပ် **SSA** တပ်မဟာ ၁ အား ဆက်လက်နားချစည်းရုံးရန် လားရှိုးအခြေစိုက် မြောက်ပိုင်းတိုင်း တိုင်းမှူးက အပစ်ရပ် **SSA** ဥက္ကဋ္ဌ တို့အပေါ် ချော့/ခြောက် ဖိအားပေးခဲ့သည်ဟု လားရှိုးမြို့နေ စောင့်ကြည့်လေ့လာသူတစ်ဦးကပြောသည်။ **(S.H.A.N 070510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်မတော် **(DKBA)** အချင်းချင်းအကြားတွင် နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲဖွဲ့စည်းရန်အတွက် သဘောထားကွဲလွဲမှု ဖြစ်ပေါ်နေပြီး **DKBA** တပ်ဖွဲ့အချို့ ခွဲထွက်ရန် သတင်းထွက်ပေါ်နေသဖြင့် ဒေသခံရွာသားများက တိုက်ပွဲဖြစ်မည်ကို စိုးရိမ်နေကြသည်။ **(NMG 070510)** **Read More...**

## အခြားအင်အားစုများ

- အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် **NLD** ခေါင်းဆောင်တချို့ စုပေါင်းပြီး အမျိုးသားဒီမိုကရေစီအင်အားစု အမည်ဖြင့် ပါတီတရပ်ထူထောင်ပြီး ယခုလအတွင်း မှတ်ပုံတင်ရန် စီစဥ်နေသည်။ **(RFA 070510)** **Read More...**

## နိုင်ငံတကာဆောင်ရွက်မှုများ

### (က) အစိုးရများ

- မြန်မာစစ်အစိုးရ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်အပါအဝင် အပေါင်းအပါ ၂၂ ဦးက စစ်ရာထူးမှနုတ်ထွက်ပြီး ရွေးကောက်ပွဲဝင်ရန်အတွက် နိုင်ငံရေးပါတီတစ်ရပ် ထူထောင်လိုက်ခြင်းနှင့်ပတ်သက်၍ အမေရိကန်အစိုးရ၏ နိုင်ငံခြားရေးဌာန ပြောခွင့်ရပုဂ္ဂိုလ် **Mr. Philip Crowley** က မြန်မာစစ်အစိုးရ၏ လုပ်ရပ်သည် ဝံပုလွေများက သိုးငယ်အရေခြုံရန် ကြိုးစားနေဖြင်းဖြစ်ကြောင်း သတိပေးပြောကြားလိုက်သည်။ **(RFA 050510)** **Read More...**
- စစ်အစိုးရ၏ ရွေးကောက်ပွဲ ဥပဒေထွက်ပေါ်လာပြီးနောက် ပထမဆုံးအကြိမ်အဖြစ် မြန်မာနိုင်ငံသို့ လာရောက်ရန်ရှိသည့် အမေရိကန်အဆင့်မြင့် ကိုယ်စားလှယ်အနေဖြင့် စစ်အစိုးရနှင့် ဒီမိုကရေစီလိုလားသော အင်အားစုများအကြား ပိုမိုကြားဝင်ဆောင်ရွက်စေလိုနေကြသည်။ **(Mizzima 050510)** **Read More...**
- မြန်မာနိုင်ငံကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလက လာရောက်ခဲ့သည့် အမေရိကန်လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Mr. Kurt Campbell** နှင့်အဖွဲ့သည် အမေရိကန်အစိုးရ ကိုယ်စားလှယ် အနေဖြင့် မကြခင် မြန်မာနိုင်ငံကို ထပ်လာရန် စီစဥ်ထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များနှင့် တွေ့ဆုံရန်ရှိကြောင်း အမေရိကန်သံရုံးအရာရှိများက **NLD** ခေါင်းဆောင်များကို ယနေ့ တွေ့ဆုံပြောကြားလိုက်သည်။ **(RFA 050510)** **Read More...**
- စစ်အစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေး အစီအစဉ်များတွင် စစ်မှန်သော တိုးတက်မှုတစုံတရာ မတွေ့ရသဖြင့် ဆက်လက်ပိတ်ဆို့မှု ပြုလုပ်ရန် အမေရိကန် အထက်လွှတ်တော်အမတ် မစ်ချ်မက်ကော်နယ်လ်က ယမန်နေ့က တိုက်တွန်းပြောဆိုလိုက်သည်။ **(Irrawaddy 060510)** **Read More...**
- မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန် **Mr. Tomás OJEA QUINTANA** က စစ်အစိုးရအား နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းဖြင့် အရပ်ဘက်အုပ်ချုပ်ရေးသို့ ချောမွေ့စွာအသွင်ကူးပြောင်းရေး ကတိကဝတ်ကို ဖြည့်ဆည်းရန် ယခုလ ၄ ရက်နေ့က တိုက်တွန်းလိုက်သည်။ **(Mizzima 060510)** **Read More...**
- မြန်မာနိုင်ငံတွင် တရားမျှတမှုမရှိခြင်းကြောင့် ပြစ်တင်ရှုတ်ချသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို အမေရိကန်အထက်လွှတ်တော်တွင် ယခုလ ၇ ရက်နေ့က တခဲနက် အတည်ပြုလိုက်ကြသည်။ **(VOA 080510)** **Read More...**
- နအဖစစ်အစိုးရမှ ရွေးကောက်ပွဲဥပဒေများ ကြေညာခဲ့ပြီးနောက် ပထမအကြိမ်အဖြစ် အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး **Kurt Campbell** သည် ယခုလ ၉ ရက်နေ့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာမည်ဟု ဆိုသည်။ **(VOA 080510)** **Read More...**

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



## နိုင်ငံရေးပါတီများ

### (က) ပါတီတည်ထောင်ခွင့်ရပြီးသောပါတီများ

- ပြည်ထောင်စု ကြံ့ဖိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက နိုင်ငံရေးပါတီအဖြစ် အသွင်ပြောင်းခြင်းသည် ဥပဒေနှင့်မညီကြောင်း ဝေဖန်ရေးသားမှုများကို မြန်မာနိုင်ငံရှိ သတင်းမီဒီယာများတွင် ဖော်ပြခွင့်မရကြောင်း ရန်ကုန်မြို့မှ သတင်းအယ်ဒီတာ တစ်ဦးကပြောသည်။ **(Irrawaddy 050510)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မြန်မာတစ်ပြည်လုံးရှိ မြို့နယ်အသီးသီးသို့ ပါတီဝင်များ မြို့နယ် **EC** များစာရင်းပြုစုပြီး ရွေးကောက်ပွဲကိုစားလှယ်လောင်းများ ရာထားသတ်မှတ်ကြရန် ခယက၊ မယကတို့မှတဆင့် ညွှန်ကြားထားကြောင်း သျှမ်းပြည်တောင်ပိုင်း မိုင်းတုံဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 050510)** Read More...
- ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် ပါတီမှတ်ပုံတင်ထားသည့် ချင်းအမျိုးသားပါတီ **(CNP)** ကို ရွေးကောက်ပွဲကော်မရှင်က ပါတီတည်ထောင်ခွင့်ပြုလုပ်ပြီဖြစ်သည်။ **(Khonumthung 050510)** Read More...
- ရွေးကောက်ပွဲ ဝင်ရောက်ရှင်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားသည့် အဖွဲ့ (၃၀) အနက် (၂၄) ဖွဲ့ကို ရွေးကောက်ပွဲ ကော်မရှင်က နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလုပ်သည်။ **(NEJ 050510)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲဝင်နိုင်ရန် မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီအား ယခုလ (၄) ရက်နေ့က ရွေးကောက်ပွဲ ကော်မရှင်မှ နိုင်ငံရေးပါတီ တည်ထောင်ခွင့်ပြုလိုက်ကြောင်း ယမန်နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြ ထားသည်။ **(Kaowao 060510)** Read More...
- ချင်းပြည်နယ် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ရုံးဆောက်လုပ်ရန်အတွက် စစ်အစိုးရမှ ကျပ်ငွေ သိန်း (၁) ထောက်ပံ့ပေးခဲ့ပြီး ယခုအခါ စတင်ဆောက်လုပ်နေပြီဖြစ်သည်။ **(Khonumthung 070510)** Read More...
- ရန်ကုန်တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီက မြို့နယ်အသီးသီးမှ ကြံ့ဖွံ့အသင်းဝင်များကို စာရင်းကောက် ကာ ကိုယ်စားလှယ်လောင်းများအဖြစ် တာဝန်ပေးသွားမည်ဖြစ်ပြီး ပါတီဝင်ကြေးများ ကောက်ခံတော့မည်ဖြစ် ကြောင်း ရန်ကုန်တိုင်း ကြံ့ဖွံ့အလုပ်အမှုဆောင်တစ်ဦးကပြောသည်။ **(NEJ 070510)** Read More...
- ရန်ကုန်မြို့တွင် အိမ်ထောင်စုစာရင်းများ ဒုတိယအကြိမ် ထပ်မံကောက်ခံနေပြီး ရပ်ကွက်ကြံ့ဖွံ့ရုံးများတွင် အိမ် ထောင်စုစာရင်းကို အတိအကျပေးရသည်ဟု မြို့ခံများက ပြောသည်။ **(NEJ 070510)** Read More...
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကချင်ပြည်နယ်အတွင်း ပါတီလုပ်ငန်းများနှင့် ရွေးကောက်ပွဲမဲဆွယ်စည်း ရုံးရေး လုပ်ငန်းတာဝန်များကို မြို့နယ်အဆင့် ကြံ့ဖွံ့အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့များက အဓိကတာဝန်ယူ စတင်ဆောင်ရွက်နေသည်။ **(NEJ 070510)** Read More...

### (ခ) လျှောက်ထားဆဲပါတီများ

- နအဖစစ်အစိုးရ ကျင်းပပြုလုပ်မည့် ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ကရင်ပြည်နယ်မှ ဖလုံ–စဝေါ ဒီမိုကရက်တစ်ပါတီ **(Phlone-Sguaw Democratic Party - PSDP)** အမည်ရှိ ကရင်ပါတီတစ်ခု ထပ်မံပေါ်ထွက်လာ ကာ ရွေးကောက်ပွဲကော်မရှင်ထံသို့ ဧပြီလ ၂၃ ရက်နေ့က မှတ်ပုံတင်လျှောက်ထားလိုက်ပြီဖြစ်သည်။ **(KIC 040510)** Read More...
- နအဖစစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် ရခိုင်ပြည်နယ်ကိုယ်စားပြု နိုင်ငံရေးပါတီ ၃ ခု ရွေးကောက်ပွဲကော်မရှင်ထားသို့ လျှောက်ထားခဲ့ပြီဖြစ်သည်။ **(Kaladan News 060510)** Read More...
- မြန်မာနိုင်ငံတွင် လက်ရှိအစိုးရ ဝန်ကြီးချုပ် ဦးသိန်းစိန် ခေါင်းဆောင်သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပေါ် ရွေးကောက်ပွဲဝင်ရန် ပါတီတည်ထောင်ခွင့်ရထားသည့် ပြည်ထောင်စု ဒီမိုကရေစီပါတီ **UDP** က ပထမ ဆုံးအကြိမ် ကြေညာချက်တစ်ရပ် ထုတ်ပြန်ဝေဖန်လိုက်သည်။ **(BBC 070510)** Read More...

Generated by Foxit PDF Creator © Foxit Software
http://www.foxitsoftware.com For evaluation only.



- ကချင်ပြည်နယ်မှ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီ ၄ ဖွဲ့ရှိပြီး ကချင်ပြည်နယ် တိုးတက်ရေးပါတီ **(KSPP)** တစ်ဖွဲ့တည်းသာ ပါတီတည်ထောင်ခွင့်မရသေးကြောင်း **KSPP** အရာရှိတစ်ဦးက ပြောသည်။ **(KNG 070510)** Read More...

## ပြည်သူနှင့် လူထုအခြေပြုအသင်းအဖွဲ့များ

- ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် ပုလဲနှင့်ငါးလုပ်ငန်းမှ နေ့စားအလုပ်သမား ၂၀၀ ကျော်သည် ကမ္ဘာ့အလုပ်သမားနေ့ **May Day** နေ့တွင် လုပ်အားခတိုးမြှင့်ပေးရန်အတွက် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ **(Kaladan News 040510)** Read More...
- ၂၀၁၀ ရွေးကောက်ပွဲတွင် ပါတီမထောင် ဝင်ရောက်မယှဉ်ပြိုင်ဘဲ တရားမျှတမှုရှိမရှိ စောင့်ကြည့်ရင်း လူထုပညာပေးလုပ်ငန်းများ လုပ်ဆောင်သွားမည်ဆိုသည့် အမျိုးသားရေးဦးဝင်းနိုင်က လူထုပညာပေးလုပ်ငန်းများကို ကမ္ဘာ့ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်စေလိုသည်ဟု ပြောကြားလိုက်သည်။ **(DVB 040510)** Read More...
- တိုက်ပွဲဖြစ်ပွားမည်ကို စိုးရိမ်သဖြင့် တောတွင်းနှင့်ထိုင်းနယ်စပ်သို့ တိမ်းရှောင်ပြီး ရပ်ရွာနေအိမ်သို့ ပြန်သွားကြသည့် မိုင်းတုံမြို့နယ်နှင့် ပုံပါကျင်မြို့နယ်ခွဲအတွင်းရှိ လူထုအတွက် နေထိုင်စားသောက်မှု အခက်အခဲဒုက္ခ ကြုံတွေ့နေကြရကြောင်း အမည်မဖော်လိုသည့် ဒေသခံတစ်ဦးကပြောသည်။ **(S.H.A.N 040510)** Read More...
- ရွေးကောက်ပွဲဝင်မည့် နိုင်ငံရေးပါတီ ၈၈ မျိုးဆက်ကျောင်းသား လူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) က အသုံးပြုသော ခွပ်ဒေါင်းအလံနှင့်ပတ်သက်၍ ထင်ရှားသော စာရေးဆရာများဖြစ်ကြသော ဒဂုံတာရာ၊ လူထုစိန်ဝင်း၊ မောင်ဝံသတို့ပါဝင်ပြီး အနုပညာရှင်၊ စာပေစာနယ်ဇင်းအသိုင်းအဝိုင်းမှ ပုဂ္ဂိုလ် ၈၀ ခန့်က နေပြည်တော် ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်ရန် ပြင်ဆင်နေသည်။ **(Mizzima 060510)** Read More...
- နအဖကကျင်းပမည့် ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများအတွက် သတ်မှတ်ထားသည့် ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေးငွေသည် များလွန်လှသဖြင့် လျှော့ပေးရန် အမျိုးသားဦးဝင်းနိုင်က နေပြည်တော်ရှိ ရွေးကောက်ပွဲကော်မရှင်ထံ တင်ပြတောင်းဆိုလိုက်သည်။ **(DVB 070510)** Read More...

## မီဒီယာအခန်းကဏ္ဍ

- မေလ ၃ ရက်နေ့က ကျရောက်သည့် နိုင်တကာ သတင်းလွတ်လပ်ခွင့်နေ့တွင် နယ်စည်းမခြား သတင်းထောက်များအဖွဲ့ **RSF** က မြန်မာစစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ တရုတ်သမ္မတ **(Hu Jintao)** နှင့် အီရန်သမ္မတ မာမွတ်ဒ်အမာဒီနီဂျက်ဒ် **Mahmoud Ahmadinejad** အပါအဝင် ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင် ၄၀ ကို အဆိုးဝါးဆုံး သတင်းလွတ်လပ်ခွင့် ဖိနှိပ်ချိုးနှိမ်သူများ **(Predators of the Press Freedom)** စာရင်းတွင် ထည့်သွင်းဖော်ပြလိုက်သည်။ **(VOA 040510)** Read More...

---

***End of report/ Saturday, May 08, 2010***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

---